မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : mainoffice@blc-burma.org  Website : www. blc-burma.org

## နအဖ၏ ကြေညာချက် အမှတ် (၁/ ၂၀၀၆) သည် တရားမဝင် ကြောင်း
## ဥပဒေ ရှုဒေါင့်မှ သုံးသပ် ထုတ်ပြန်ခြင်း
(၂၀၀၆ ခုနှစ် ဧပြီလ ၁၅ ရက်)

၂၀၀၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် နအဖ၏ ပြည်ထဲရေး ဝန်ကြီးဌာန မှ ကြေညာချက် အမှတ် (၁/ ၂၀၀၆) ကို ထုတ်ပြန်ပြီး အဖွဲ့အစည်းအချို့ နှင့် လူပုဂ္ဂိုလ်အချို့အား အကြမ်းဖက်သူများ အဖြစ်ကြေငြာခဲ့သည်။ ၂၀၀၅ ခုနှစ် မေလ ခုနှစ်ရက်နေ့တွင် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ခွဲမှုကြီး အပါအဝင် အကြမ်းဖက် ပေါက်ခွဲမှုကြီးများ ကို ဖေါ်ထုတ်ပြီး ပြစ်မှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီ အမှန်တကယ် အရေးယူနိုင်မည် ဆိုပါက သေဆုံး၊ ဒဏ်ရာရ ဘဝနစ်နာပျက်စီးရသူများ အတွက် တရားမျှတမှုကို ရှာဖွေပေးနိုင်မည်သာမက အလားတူပြစ်မှုမျိုးထပ်မံ ကျူးလွန်ခြင်း မရှိစေရန် ကာကွယ်ပေးရာရောက်သဖြင့် တတိုင်းပြည်လုံး အတွက်ပါ အကျိုးရှိနိုင်သဖြင့် ကြိုဆိုရမည် မှုချဖြစ်သည်။ သို့ရာတွင် ယခုနအဖ ကြေငြာချက်မှာ ယင်းအခြေခံသဘောနှင့် ဆန့်ကျင် လျှက်ရှိကြောင်း အောက်ပါအတိုင်း သုံးသပ် တွေ့ရှိရသည်။

(၁) အကြမ်းဖက်သူများ (Terrorists) ဖြစ်ကြောင်း ကြေငြာသည့် လုပ်ဆောင်ချက်မှာ မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲ မည်သည့် ဥပဒေနှင့်မျှ အကြုံးဝင်ခြင်း မရှိသဖြင့် တရားမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၌ အကြမ်းဖက် သူများ (Terrorists) ဆိုင်ရာ ဥပဒေ တရပ်ရပ်ကို ပြဌာန်းထားခဲ့ခြင်းလည်း မရှိသေး။ အခြားပြစ်မှုဆိုင်ရာ ဥပဒေများ တွင်လည်း အစိုးရ အနေဖြင့် ယင်းသို့ ကြေငြာနိုင်ကြောင်း ဖေါ်ပြထားခြင်း လုံးဝ မရှိသောကြောင့် ဖြစ်ပါသည်။

(၂) ပြစ်မှုကျူးလွန်သူများ အဖြစ် သံသယ ရှိပါက တရားရုံးက တရားလိုဘက်ကို စနစ်တကျ အမှုစွဲဆိုခွင့်၊ တရားခံ ဘက် ကို ရှေ့နေငှားရမ်းထု ခြေခွင့် အပါအဝင် လိုအပ်သော အခွင့်အရေးများ အပြည့်အဝ ပေးစေပြီး၊ အများပြည် သူရှေ့မှောက်တွင် စစ်ဆေးကြားနာရပါမည်။ ထို့အပြင် ဤသို့သောအရေးကြီးသည့် အမှုကြီးများ၌ နိုင်ငံတကာမှ တရားခွင်လေ့လာသူ ပညာရှင်များ (Trial Observers) ကို တက်ရောက်လေ့လာခွင့်ပေးကာ စစ်ဆေးစေပြီးမှ မူလရုံး နှင့် အယူခံတရားရုံးအဆင့်ဆင့်များ က စွပ်စွဲခံရသူများသည် ပြစ်မှု ကျူးလွန်ကြကြောင်းဖြင့် စီရင် ဆုံးဖြတ်ချက်များ ရှိရပါမည်။ ယင်းသို့ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များ အပေါ်အခြေခံ၍ ထုတ်ပြန်သော ကြေငြာချက်လည်း မဟုတ် သဖြင့် တရားမဝင်ပါ။

(၃) နအဖ၏ ယင်းကြေငြာချက်တခုလုံးတွင် ဖေါ်ပြပါရှိသော အချက်အလက်များမှာ သက်သေခံဥပဒေအရ တရားရုံး များ၌ တရားဝင် သက်သေခံချက်အဖြစ်လက်ခံ၍မရသော ရဲရှေ့အစစ်ခံချက်များ (Statement before the police) ကို အခြေခံ၍ ထုတ်ပြန်ထားကြောင်းတွေ့ရသည်။ အစိုးရတာဝန် အတင်းအကြပ်ယူထားသော နအဖ အနေဖြင့်ရဲလုပ်ရ မည့် လုပ်ငန်းကို ဝင်ရောက် လုပ်ကိုင်နေခြင်းမှာ ဥပဒေ နှင့် မညီရုံသာမက အစိုးရတရပ်အနေဖြင့် လုပ်ဆောင်ခွင့်မရှိ သော လုပ်ငန်းလည်းဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် စွပ်စွဲခံရသူများအပေါ် ကြိုတင်ပြစ်ဒဏ်ချမှတ်ရန် အတင်းအကြပ် ဖိအားပေးရာ ရောက်သောကြောင့် လူ့အဖွဲ့အစည်းအတွက် လိုအပ်သော တရားမျှတမှု အခြေခံ ကိုပါ ဖျက်ဆီးလိုက်ရာရောက်ပါသည်။

**ပိုမိုသိရှိလိုပါလျှင် – ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး ( ၆၆–၀၁– ၅၃၃ ၀၆၀၅) ထံ ဆက်သွယ်ပါရန်**